# တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာနိုင်ငံ၏ အခွင့်အလမ်း

၂၀၁၃ခုနှစ် နှစ်သစ်ရောက်တော့မည် ဖြစ်ပါသည်။ နှစ်ဟောင်းမှနှစ်သစ်သို့ကူးပြောင်းသော အချိန်သမယတွင်ကျွန်တော်သည်မြန်မာနယ်ပယ်အသီးသီးမှ မိတ်ဆွေများသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းတောင်းကြောင်း ပြောကြားလိုပါသည်။

တရုတ်နိုင်ငံသည် တံခါးဖွင့်ပေါ်လစီကျင့်သုံးပြီးနောက် ကြီးမားသောအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့၍ နှစ်၃၀ကာလတွင် ဆက်လက်အရှိန်အဟုန်မြင့်ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးပေးသည်။ ၎င်းဖွံ့ဖြိုးတိုးတက်မှုကို တရုတ်မှတ်တမ်းနှင့် ကမ္ဘာ့အံ့ဩဖွယ်လည်းခေါ်ပါသည်။ ယခုအချိန်တွင် တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံအများဆုံး၏ ကုန်သွယ်မှုပမာဏအကြီးဆုံးလုပ်ဖော်ကိုင်ဖက်နိုင်ငံနှင့် အကြီးဆုံးပို့ကုန်ဈေးကွက်ဖြစ်၍ အရေးကြီးသောရင်းနှီးမြှုပ်နှံနိုင်ငံလည်းဖြစ်ပါသည်။

တရုတ်နှင့် အာဆီယံနိုင်ငံများ၏ ကုန်သွယ်မှုပမာဏသည် ၁၉၉၁ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ဘီလီယံလောက်မှ ၂၀၁၁ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၆၂. ၈ဘီလီယံသို့ တိုးပွား၍ တစ်နှစ်ဆိုလျှင် တိုးတက်မှုနှုန်း ၂၀ရာခိုင်နှုန်းရှိ၍ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်းအမေရိကန်ဒေါ်လာ ၈၅. ၁ ဘီလီယံရှိပါသည်။ အာရှစီးပွားရေး အကျပ်အတည်းနှင့် ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကို အတူတကွရင်ဆိုင်နေရသောအချိန်တွင် တရုတ်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများနှင့် အပြန်အလှန်အကူအညီပေး၍ အေးအတူပူအမျှ ခံစားလျက်ရှိပါသည်။ တရုတ်နိုင်ငံသည် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်သောအချိန်တွင် အာရှနှင့် တစ်ကမ္ဘာလုံး စီးပွားရေးတည်ငြိမ်မှုနှင့် တိုးတက်မှုအပေါ် အရေးကြီးသော ဆွဲအားဖြစ်သည်မှာ သေချာပါသည်။

တရုတ်ပြည် ကွန်မြူနစ်ပါတီ ၁၈ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံအစီရင်ခံစာတွင် တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဆောင်ရွက်မည်၊ တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်သောအချိန်တွင် အိမ်နီးချင်းနိုင်ငံများသည် ၎င်းဖွံ့ဖြိုးတိုးတက်မှုမှ အကျိုးအမြတ်ခံစားနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါသည်။ ၎င်းဆုံးဖြတ်ချက်သည် တရုတ်နိုင်ငံ အိမ်နီးချင်းနိုင်ငံများအပေါ် ထားရှိသောပေါ်လစီကို အမြဲတမ်း ရောင်ပြန်ဟပ်လျက်ရှိပါသည်။ တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံသို့ လေးလေးနက်နက်သော ကတိကဝတ်ထပ်လောင်းပြုခြင်းလည်း ဖြစ်ပါသည်။

တရုတ်မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသည် ရှေးယခင်ကတည်းက စဉ်ဆက်မပြတ် တည်ရှိလာသည်။ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးတည်ထောင်သော နှစ် ၆၀ကျော်ကာလတွင် နှစ်နိုင်ငံပြည်သူလူထုအကြား အပြန်အလှန်နားလည်ပြီး၊ အေးအတူပူအမျှနေထိုင်ပါသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းကောင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ တတ်နိုင်သလောက် အကူအညီလည်းပေးခဲ့ပါသည်။ အခြေခံအဆောက်အအုံလည်း များစွာကူညီတည်ဆောက်ပေးပါသည်။ နှစ်နိုင်ငံသည် စီးပွားရေးနှင့်နည်းပညာအကူအညီစာချုပ်၆၀ကျော် လက်မှတ်ရေးထိုးခဲ့သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ နယ်ပယ် ၂၀ကျော်မှ လူ၂၀၀၀ကျော်ကို လေ့ကျင့်ပေးရေးပြုလုပ်ခဲ့ပါသည်။ တရုတ်ဘက်သည် တရုတ်ကုမ္ပဏီကို လူမှုရေးတာဝန်ဝတ္တရားကို ဆောင်ရွက်ခြင်း၊ ဒေသလူမှုစီးပွားအတွက် အကျိုးပြုစေရေး၊ သဘာဝဘေးဒဏ်သင့် ဒေသနှင့်ပြည်သူလူထု အချိန်မီ အကူအညီမျိုးစုံပေးရေးစသော လုပ်ငန်းကို ဆောင်ရွက်ရန် အမြဲတမ်းအားပေးလျက်ရှိပါသည်။




ယခုအထိ တရုတ်ကုမ္ပဏီသည် မြန်မာ့ပညာရေး၊ ကျန်းမာရေး၊ ဘေးဒဏ်ကျော်လွှားရန် အကူအညီပေးရေး၊ ဆက်သွယ်ရေးနှင့် ပြည်သူသုံးအဆောက်အအုံနယ်ပယ်သို့ အမေရိကန်ဒေါ်လာ သိန်း ၇၀၀ ငွေကြေးနှင့်ပစ္စည်းများလှူဒါန်းခဲ့သည်။ အလုပ်အကိုင် ၁၅၀၀၀ခု ဖန်တီးပေးသည်။ ဤအထူးစာမျက်နှာတွင် ဆက်လက်အသေးစိတ်ရှင်းပြပေးမည်။ နောင်ကာလတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် လူသားချင်း စာနာထောက်ထားမှုအကူအညီပေးရေးကို ဆက်လက်တိုးမြှင့်ဆောင်ရွက်မည်၊ နှစ်နိုင်ငံပြည်သူအကြား၏ တိုက်ရိုက်ကူးလူးဆက်ဆံမှု ပိုမိုအလေးထားမည်။နှစ်နိုင်ငံဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံဆက်ဆံရေးအပေါ် ပြည်သူလူထု၏ထောက်ခံမှု ပိုမိုနက်ရှိုင်းခိုင်မာစေရန် ကြိုးပမ်းဆောင်ရွက်မည်။

ယခုအချိန်တွင် မြန်မာနိုင်ငံသည် အရေးကြီးသော စနစ်ပြောင်းကာလကိုရောက်နေသည်။ နိုင်ငံရေး၊ ဒီမိုကရေစီဖြစ်ထွန်းရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် စိန်ခေါ်မှုလည်း အမျိုးမျိုးရင်ဆိုင်လျက်ရှိသည်။ တရုတ်-မြန်မာအကျိုးတူပူးပေါင်းဆောင်ရွက်မှုကို မည်သည့်အခက်အခဲမဆို အပြန်အလှန်လေးစားမှု၊ တန်းတူရည်တူအကျိုးပြုစေရေးအခြေခံပေါ်တွင် အပြန်အလှန်နားလည်မှုနှင့် အပြန်အလှန်အပေးအယူစိတ်ဓာတ်ဖြင့် ချစ်ကြည်ရင်းနှီးစွာညှိနှိုင်းဆွေးနွေးမှုဖြင့် သင့်တော်သောဖြေရှင်းမှုနည်းလမ်းရရှိနိုင်မည်ဟု ကျွန်တော်တို့ယုံကြည်ပါသည်။ တရုတ်နိုင်ငံသည် နှစ်နိုင်ငံနိုင်ငံရေး အပြန်အလှန် နည်းလည်မှု၊ စီးပွားရေးအကျိုးတူဖြစ်ထွန်းမှု၊ ယဉ်ကျေးမှု အပြန်အလှန်လေ့လာမှု၊ ပြည်သူလူထုအပြန်အလှန်ခံနိုင်မှုရှိသောတိုးတက်ကောင်းမွန်သော ဆက်ဆံရေးကို အမြဲတမ်းထိမ်းသိမ်းမည်ဖြစ်ပါသည်။ နှစ်နိုင်ငံပြည်သူလူထုအတွက် အကျိုးပြုစေမည်။

# တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအား လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးမှု





တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူတို့သည် နက်ရှိုင်းသော ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ရှိပါသည်။ အခက်အခဲကြုံတွေ့ရင် တစ်နိုင်ငံသည် တစ်နိုင်ငံအား တက်တက်ကြွကြွ အကူအညီပေးမည်။ ၂၀၀၈ခုနှစ်တွင် မြန်မာနိုင်ငံ၌ နာဂစ်လေမုန်တိုင်းကြောင့် မြန်မာပြည်သူ သိန်းနှင့်ချီပြီး သေဆုံးမှုနှင့် ဒဏ်ရာရရှိခဲ့ပါသည်။ တရုတ်ဘက်သည် ဆရာဝန် ၅၀ပါဝင်သော ကုသရေးအဖွဲ့ကိုဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံသို့လာရောက်ပြီး အန္တရာယ်သင့် ဒေသခံပြည်သူများအား လူသားချင်းစာနာမှုဆိုင်ရာ ကုသမှုအကူအညီပေးခဲ့ပါသည်။ တရုတ်နိုင်ငံ အစိုးရသည် အမေရိကန်ဒေါ်လာ၁၆သန်းခန့်တန်ဖိုးရှိသော အလှူငွေနှင့်ပစ္စည်းများကို လှူဒါန်းခဲ့ပါသည်။ တရုတ်ကြက်ခြေနီအသင်း၊ တရုတ်ပြည်လုံးဆိုင်ရာ အမျိုးသမီးအဖွဲ့အစည်း၊ မြန်မာဆိုင်ရာ တရုတ်သံရုံးနှင့် မြန်မာနိုင်ငံရှိ တရုတ်ကုမ္ပဏီများသည် အမေရိကန်ဒေါ်လာသန်းနှင့်ချီပြီး၊ မြန်မာကျပ်သန်းပေါင်းရာနှင့်ချီပြီး အလှူငွေနှင့်ပစ္စည်းများကို လှူဒါန်းခဲ့ပါသည်။ ၂၀၁၁ခုနှစ် မေ ၂၈ရက်နေ့မှ ဇွန်၉ရက်အထိ တရုတ်နိုင်ငံငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းသည် ရန်ကုန်မြို့တွင် 'Guang Ming Xing' (တောက်ပသောလုပ်ရပ်)အခမဲ့မျက်စိကုသမှုဆောင်ရွက်ပြီး တရုတ်ပြည်မှ နာမည်ကျော်ကြားသော ဆရာဝန်များသည်မျက်စိတိမ်ရောဂါဝေဒနာရှင် မြန်မာ ၃၇၃ဦးအား စစ်ဆေးကုသခဲ့ပါသည်။သက်ဆိုင်ရာအခြေအနေရှိသော ၂၄၈ဦးအား ရာခိုင်နှုန်းပြည့် အောင်မြင်စွာခွဲစိတ်ကုသပြီး မျက်စိအလင်းပြန်လည်ရရှိခဲ့ပါသည်။ ၂၀၁၂ ခုနှစ် မေလ ၈ရက်မှ ၁၅ရက်အထိ တရုတ်ဆရာဝန်များသည် ဒုတိယအကြိမ်လာရောက်ပြီး ရန်ကုန်မြို့တော်ဆေးရုံတွင်မျက်စိတိမ်ရောဂါဝေဒနာရှင် ၃၆၁ဦးအား ရာနှုန်းပြည့်အောင်မြင်စွာ ခွဲစိတ်ကုသပြီး ရောဂါဝေဒနာရှင်များ မျက်စိအလင်းပြန်လည်ရရှိခဲ့ပါသည်။ တရုတ်-မြန်မာ နှစ်နိုင်ငံသည် မြို့တော်ဆေးရုံကို အဆင့်မြင့်ပြန်လည်ထူထောင်ခြင်းလည်းကောင်း၊ တရုတ်-မြန်မာ အပြည်ပြည်ဆိုင်ရာ မျက်စိကုသရေးဌာန တည်ဆောက်ခြင်းလည်းကောင်း၊ ဤဌာနအား တရုတ် ယွမ် ၁ သန်းတန်ဖိုးသော ခွဲစိတ်သုံးပစ္စည်းကို လှူဒါန်းခြင်းလည်းကောင်းပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ခုနှစ် ဧပြီလ မြောက်ပိုင်းဒေသမြေငလျင်၊ ၂၀၁၂ခုနှစ် နှစ်လယ်ပိုင်းဒေသ ရေကြီးမှုနှင့် နိုဝင်ဘာလ အလယ်ပိုင်းဒေသမြေငလျင်စသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့သောအချိန် တရုတ်နိုင်ငံသည် အကြိမ်ပေါင်းများစွာ ငွေကြေးလှူဒါန်းပြီး မြန်မာအန္တရာယ်သင့်ဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အကူအညီပေးခဲ့ပါသည်။ ၂၀၁၂ခုနှစ် နိုဝင်ဘာ ၁၇ရက်တွင် တရုတ်ဘက်သည် မြန်မာငလျင်ခံဒေသအား အမေရိကန်ဒေါ်လာ ခြောက်သောင်းလှူဒါန်းခဲ့ပါသည်။

၂၀၁၂ခုနှစ် စက်တင်ဘာ ၅ ရက်တွင် မြန်မာဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Mr Li Junhua သည်တရုတ်ကြက်ခြေနီအသင်းကိုယ်စား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအား အမေရိကန်ဒေါ်လာငါးသောင်းကို လှူဒါန်းပေးပြီး မြန်မာတောင်ပိုင်းရေကြီးမှုသင့်ဒေသ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရန်အကူအညီပေးခဲ့ပါသည်။

၂၀၁၁ခုနှစ် ဧပြီလ တရုတ်ဘက်သည် မြန်မာဘက်အား အမေရိကန်ဒေါ်လာ ငါးသောင်းကိုလှူဒါန်းပေးပြီး မြေငလျင်သင့်ဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရန် အကူအညီပေးခဲ့ပါသည်။

၂၀၁၁ခုနှစ် မေ ၂၈ရက်မှ ဇွန် ၉ရက်အထိ 'Guang Ming Xing' (တောက်ပသောလုပ်ရပ်)အခမဲ့မျက်စိကုသမှုဆောင်ရွက်ပြီး တရုတ်ဆရာဝန်များသည်မြန်မာမျက်စိတိမ်ရောဂါဝေဒနာရှင်အား စစ်ဆေးကုသခဲ့ပါသည်။

၂၀၀၈ခုနှစ် မေ ၁၈ ရက်တွင် တရုတ်ဆရာဝန်အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်ပြီး နာဂစ်လေမုန်တိုင်းအန္တရာယ်သင့်ပြည်သူများအားလူသားချင်းစာနာမှုဆိုင်ရာကုသမှု အကူအညီပေးခဲ့ပါသည်။



Special plane loaded with medicines to people in Myanmar's quake-stricken area

# တရုတ်နိုင်ငံသည် မြန်မာနိုင်ငံကို စီးပွားရေး အကူအညီပေးရေး အခြေအနေ

တရုတ်နိုင်ငံ၏စာရင်းကောက်ယူချက်အရ တရုတ်အစိုးရသည် မြန်မာနိုင်ငံကိုစီးပွားရေးအကူအညီပေးရာမှာ ယခုအထိ အစုံလက်စီမံကိန်း (Complete Project) ၃၀ကျော်၊ နည်းပညာပူးပေါင်းဆောင်ရွက်မှု စီမံကိန်း ကိုးခုနှင့် သီးခြားတစ်မျိုးတည်း ကုန်ပစ္စည်း အထောက်အပံ့ ၂၇ကြိမ်ရှိသည်။ ၎င်းထဲတွင် စိုက်ပျိုးရေး၊ စက်မှုလက်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအား၊ အားကစား၊ ယဉ်ကျေးမှု၊ ပညာရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ ဇီဝနည်းပညာနယ်ပယ်များ ပါဝင်လျက်ရှိသည်။ အဆိုပါ အများအပြားသော ပံ့ပိုးကူညီမှု ဆောင်ရွက်ပြီးနောက် မြန်မာဒေသခံပြည်သူများ၏နေထိုင်မှုဘဝကို ထိရောက်စွာ တိုးမြှင့်ပေး၍ ခရီးထွက်ရေးနှင့် ဆက်သွယ်ရေး ပိုမိုအဆင်ပြေလာ၍ စာသင်ကျောင်းနှင့် ဆေးရုံ၏အဆင့်လည်းတိုးမြှင့်လာပါသည်။ ဆက်သွယ်ရေးနယ်ပယ်မှာ ဥပမာပြောမည်ဆိုလျှင် တရုတ်အစိုးရ၏ အတိုးနှုန်းသက်သာသောချေးငွေဖြင့် မြန်မာဆက်သွယ်ရေး အဓိကကွန်ရက်စီမံကိန်း(၂)ဆောင်ရွက်၍ တယ်လီဖုန်းလိုင်း ၈၀၀၀၀ ဝန်ဆောင်မှုပေးမည်။ Fibreလိုင်းကြိုးကီလိုမီတာ ၂၁၀၀ကို တည်ဆောက်ပေးသည်။

တရုတ်အစိုးရသည် Greater Mekong Sub-region Information Superhighway မြန်မာပိုင်းစီမံကိန်း(၁)ကို ကူညီတည်ဆောက်ပေးမှုကတစ်ဆင့် မြန်မာနိုင်ငံ Mobile Phone လိုင်းကြောင်း ဝန်ဆောင်မှု ၁၃သမ၂သိန်းနှင့် တယ်လီဖုန်းလိုင်းကြောင်း ၃၅၀၀၀ကို တိုးမြှင့်ပေးခဲ့ပါသည်။

တရုတ်နိုင်ငံသည် စီမံကိန်းများ ဆောင်ရွက်ရာတွင် များပြားသောငွေရေးကြေးရေး၊ နည်းပညာနှင့် ပစ္စည်းကိရိယာ အကူအညီပေးသည့်အပြင် မြန်မာစွမ်းဆောင်မှု မြှင့်တင်ရေးနှင့် Softwareအထောက်အထားလည်း ပေးခဲ့ပါသည်။ လွန်ခဲ့သော ၁၀နှစ်ကာလအတွင်းတွင် တရုတ်နိုင်ငံသည် မြန်မာ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀၀၀ကျော် လေ့ကျင့်ရေးပေးခဲ့ပါသည်။ ၎င်းလေ့ကျင့်ရေးမှာ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ နိုင်ငံခြားရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး (Public Administration)၊ ကျန်းမာရေး၊ ပညာရေး၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဆက်သွယ်ရေး၊ ဘဏ္ဍာရေး၊ စွမ်းအင်၊ ပညာမူပိုင်ခွင့် စသော နယ်ပယ်၂၀ကျော် အကျုံးဝင်ပါသည်။ မြန်မာနိုင်ငံအတွက် အင်ဂျင်နီယာပညာရှင်များစွာ မွေးထုတ်ပေးသည်။ ၂၀၀၃ခုနှစ် တည်ဆောက်သော မန္တလေးစက်မှုနည်းပညာလေ့ကျင့်ရေးဌာန၊ ၂၀၀၄ ခုနှစ်တွင် ဆောင်ရွက်သော ဝါပင်နှင့် ကြံပင်မျိုးကောင်းမျိုးသန့်မွေးထုတ်ရေးနှင့် စိုက်ပျိုးရေးနည်းပညာလေ့ကျင့်ရေးသင်တန်း၊ မြန်မာနိုင်ငံ မဟာဓာတ်အားလိုင်းစီမံကိန်း၊ ၂၀၀၆ခုနှစ် လေကြောင်းနည်းပညာပွဲ ရရှိသင်တန်းများကို ဆောင်ရွက်မှုဖြင့် မြန်မာ သက်ဆိုင်ရာနယ်ပယ်၏ စွမ်းဆောင်မှုလည်း တိုးမြှင့်စေပါသည်။

Figure II: Corporate Social Responsibility of Chinese enterprises




| Item | Amount | Number |
|---|---|---|
| Schools Construction | 4.05 million USD | 43 |
| Schools Repairment | 150,000 USD | 8 |
| Schools Equipments | 50,000 USD | 9 |

| Time | Item | Amount |
|---|---|---|
| May 2008 | Cyclone Nagis | 1.54 million USD、164 million Kyat、0.5 million RMB cash and 3.1 million USD worth of Communication Equipments and Medicines |
| 2009-2012 | Orphanage & old folks home | 50,000 USD and 110 million Kyat cash |
| 2010 | Communication | 7 million USD worth of Equipments including 3 Mobile Communication Stations、40 Base Stations |

| Item | Amount | Number |
|---|---|---|
| Clinics & Hospitals | 5.5 million USD | 72 |
| Medical Equipments | 150,000 USD | 7 |

| Item | Amount | Number |
|---|---|---|
| Roads | 49 million USD | 32 |
| Bridges | | 12 |
| Docks | | 1 |
| Aprons | | 4 |
| Monasteries | | 9 |
| Markets | | 1 |
| Clean Water | | 10 |

ရုပ်ပုံ(၂)





Charter I:The Distribution of Selected Chinese Economic Assistant Programs to Myanmar (1960-2010)

ရုပ်ပုံ(၁)

ပရိသတ်များသည် ရုပ်ပုံ(၁)ကို ကြည့်လျှင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ ကူညီထောက်ပံ့ပေးသောစီမံကိန်း၏နေရာချထားမှုကို ကျယ်ကျယ်ပြန့်ပြန့် မျှမျှတတရှိကြောင်း တွေ့မြင်နိုင်ပါသည်။ တိုင်းရင်းသားဒေသအနေဖြင့် ၎င်းထောက်ပံ့မှုကတစ်ဆင့် အကျိုးအမြတ်ရနိုင်ဖို့လည်း တွေ့နိုင်ပါသည်။ ရုပ်ပုံ(၂)ကိုကြည့်လျှင် ယခုနှစ်ကာလတွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံသို့ပေးသောအကူအညီ လျင်မြန်စွာ တိုးပွားနေလျက်ရှိသည်။ ၎င်းထဲတွင် အခြေခံအဆောက်အအုံနှင့် စွမ်းဆောင်မှု လေ့ကျင့်ရေးစီမံကိန်း၏အချိုးအစားတိုးမြှင့်နေကြောင်းလည်း တွေ့နိုင်ပါသည်။

တရုတ်ကုမ္ပဏီများသည် လူမှုရေးတာဝန်ဝတ္တရားကို တက်ကြွစွာ ထမ်းဆောင်နေလျက်ရှိသည်။ တရုတ်ဘက်၏ စာရင်းအရ မြန်မာနိုင်ငံရှိ တရုတ်ကုမ္ပဏီများသည် ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး၊ အခြေခံအဆောက်အအုံတည်ဆောက်ရေးတွင် မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၇၁ သန်းလှူဒါန်းခဲ့၍ မြန်မာနိုင်ငံအတွက် အလုပ်အကိုင် ၁၅၀၀၀ ဖန်တီးပေးသည်။ အသေးစိတ်အကြောင်းအရာ သိချင်လျှင် ရုပ်ပုံ(၃)ကိုကြည့်ပါ။




ရုပ်ပုံ(၃)

# ကောင်းမွန်ပြည့်စုံသော တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး

**(က) တရုတ်ကျွမ်းဘားအဖွဲ့သည် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးသို့ လာရောက်ဖျော်ဖြေတင်ဆက်ခြင်း**

၂၀၁၂ခုနှစ် ဧပြီလ ၂၇ရက်မှ မေ ၆ရက်အထိ တရုတ်ကျွမ်းဘားအဖွဲ့သည် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးသို့ လာရောက်ဖျော်ဖြေတင်ဆက်ခဲ့ပါသည်။ သရုပ်ဆောင်များသည် ပြင်းပြသော အပူရှိန်အောက်တွင် အစီအစဉ်ကို ချွေးဖြိုက်ဖြိုက်ကျလျက်နှင့် ဖျော်ဖြေခဲ့သည်။ တရုတ်ကျွမ်းဘားအဖွဲ့သည် ကမ္ဘာ့ပထမအဆင့်ကျွမ်းဘားဖျော်ဖြေမှုကို မြန်မာနိုင်ငံသို့ ပါလာသည်။ သရုပ်ဆောင်များ၏ အလွန်ကျွမ်းကျင်သောအနုပညာကို မြန်မာပရိသတ်များ အလွန်ပင်ချီးကျူးကြောင်းနှင့် ထောက်ခံကြောင်း ခံစားရသည်။ ကျွမ်းဘားအဖွဲ့သည် ရန်ကုန်နှင့် မန္တလေးတွင် ပရဟိတဖျော်ဖြေပွဲ လေးကြိမ်တင်ဆက်၍ လက်မှတ်ကုန်အောင်ရောင်းချရပါသည်။ တရုတ်ကျွမ်းဘားအဖွဲ့၏ ကပြတင်ဆက်မှုမှရရှိသောဝင်ငွေကို မြန်မာကျေးရွာ စာကြည့်တိုက် ဖောင်ဒေးရှင်းသို့လှူဒါန်းပေး၍ ကျေးရွာစာကြည့်တိုက် တည်ဆောက်ရန်အထောက်အပံ့ဖြစ်ခဲ့ပါသည်။



**(ခ)ရန်ကုန်ပရိသတ်ချစ်ကြသော တရုတ်ရုပ်ရှင်ပွဲတော်**

အောက်တိုဘာ ၁၅ရက်မှ ၂၁ရက်အထိ ၂၀၁၂တရုတ်ရုပ်ရှင်ပွဲတော်ကို ရန်ကုန်မြို့တွင် အောင်မြင်စွာကျင်းပခဲ့ပါသည်။ ပွဲတော်ကျင်းပရာတွင် တရုတ်နိုင်ငံ၏ ထူးကဲကောင်းမွန်သော တရုတ်ရုပ်ရှင်ကား ခြောက်ကားကိုပြသခဲ့ပါသည်။ Aftershock ရုပ်ရှင်သည် စိတ်ကူးစိတ်သန်းကောင်း၍၊ Full Circle ရုပ်ရှင်သည် သက်ကြီးရွယ်အို၏ဘဝကို ဖော်ပြနေ၍၊ Sophie's Revengeနှင့် I DOသည် လူငယ်လူရွယ်၏ဘဝကို ပြသနေ၍၊ မြန်မာပရိသတ်များ ကြိုက်ကြသော KungFuရုပ်ရှင်ကား၊ Flying Swords of Dragon Gateလည်း ပါပါသည်။ မြန်မာပရိသတ်များသည် ရုပ်ရှင်ပွဲတော်ကတဆင့် တရုတ်နိုင်ငံ၏လက်ရှိအခြေအနေနှင့် တရုတ်ရုပ်ရှင်ကို ဘက်စုံမှနားလည်နိုင်ရန် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါသည်။ ထို့ပြင် တရုတ်ရုပ်ရှင်မင်းသမီး Xu Fanသည် ရုပ်ရှင်ပွဲတော်၏ ဖွင့်ပွဲအခမ်းအနားလည်း ပါဝင်တက်ရောက်ခဲ့သည်။ မြန်မာရုပ်ရှင်မင်းသား၊ မင်းသမီးလည်း လာရောက်တက်ရောက်ပါသည်။ ရုပ်ရှင်ပွဲတော်အတွက် စိတ်ဝင်စားဖွယ်လည်း တိုးပွားစေပါသည်။ မြန်မာပရိသတ်များသည် တရုတ်ရုပ်ရှင်ကို အထူးပဲနှစ်သက်သဘောကျပါသည်။ ရုပ်ရှင်ပြသသောအချိန် ရုပ်ရှင်ရုံတွင် လူပြည့်အောင်ရှိသဖြင့် လက်မှတ်တစ်စောင်ဝယ်ရန် အလွန်ပင်ခက်လှပါသည်။

**(ဂ)မြန်မာစကားပြော တရုတ်ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ထုတ်လွှင့်မည်။**

စွန်းဝူခုံး၊ ပေါင်ချိန်နှင့် ကျန်ကျောင်းတို့သည် ၂၀ရာစုနှစ်တွင် မြန်မာအိမ်တိုင်းလိုလိုသိရှိသော တရုတ်ဇာတ်လမ်းမင်းသားတို့ ဖြစ်ကြပါသည်။ ရွှေမင်းသားဆိုလျှင် ၂၁ရာစုနှစ်တွင် မြန်မာပရိသတ်များသိရှိမည့် တရုတ်ဇာတ်လမ်းမင်းသားဖြစ်ရန် အလားအလာရှိသည်။ ၂၀၁၂ခုနှစ် စက်တင်ဘာတွင် တရုတ်-မြန်မာ နှစ်နိုင်ငံခေါင်းဆောင်များ၏ ရှေ့မှောက်တွင် နှစ်နိုင်ငံသည် တရုတ်ရုပ်မြင်သံကြားဇာတ်လမ်းတွဲထုတ်လွှင့်မှုနှင့်ပတ်သက်သည့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ မြန်မာသရုပ်ဆောင်များ အသံသွင်း၍ မြန်မာစကားပြော တရုတ်ရုပ်မြင်သံကြားဇာတ်လမ်းတွဲ "ရွှေမင်းသားရဲ့ သုခကမ္ဘာ"ကို ၂၀၁၃ ခုနှစ် မေလတွင် မြန်မာနိုင်ငံတွင်ပြသမည်ဖြစ်ပါသည်။ ၎င်းဇာတ်လမ်းတွဲအနေဖြင့် မြန်မာစကားပြောသော ပထမပြည်ပဇာတ်လမ်းတွဲလည်း ဖြစ်ပါသည်။

**(ဃ) တရုတ်ရုပ်ရှင်ကား ၅၂ကားကို မြန်မာနိုင်ငံတွင်လွှင့်မည်။**

၂၀၁၂ခုနှစ် အောက်တိုဘာ၁၅ ရက်တွင် China Movie Channel နှင့် မြန်မာ MRTVသည် တရုတ်ရုပ်ရှင်ကား ၅၂ကားကို မြန်မာနိုင်ငံတွင် ထုတ်လွှင့်ပြသမှုနှင့်ပတ်သက်သည့် သဘောတူညီချက် ရန်ကုန်မြို့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ရက်မှစ၍ မြန်မာပရိသတ်သည် တရုတ်ရုပ်ရှင်မျိုးစုံကို ရှုစားနိုင်ပါသည်။

**(င)တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင်ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအပေါ် အထောက်အပံ့ပေးမည်။**

၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် တရုတ်-မြန်မာ နှစ်နိုင်ငံသည် မြန်မာနိုင်ငံတွင်ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများအပေါ် အထောက်အပံ့ပေးမည့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါသည်။ စာချွန်လွှာအတိုင်း တရုတ်အားကစားနည်းပြသည် မြန်မာနိုင်ငံ လာသင်ကြားပို့ချမည်။ မြန်မာလက်ရွေးစင်အားကစားသမားများသည် တရုတ်နိုင်ငံသို့ သွားလေ့ကျင့်ပေးကြမည်၊ အားကစားလေ့ကျင့်ရေးကိရိယာများနှင့် ပြိုင်ပွဲစီမံခန့်ခွဲရေးစနစ်လည်း ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ တရုတ်ဘက်သည် အားကစားပြိုင်ပွဲဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားအတွက် နည်းပညာဘက်မှာ တတ်နိုင်သလောက် အကူအညီပေးမည်။

**(စ) ပေကျင်း လင်းကွမ်စီစွယ်တော်တိုက်ဘုရားကျောင်းနှင့် ရန်ကုန်ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တို့အကြား ချစ်ကြည်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း။**

၂၀၁၂ခုနှစ် ဖေဖော်ဝါရီလတွင် ပေကျင်း လင်းကွမ်စီစွယ်တော်တိုက်ဘုရားကျောင်းနှင့် ရန်ကုန် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တို့အကြား ချစ်ကြည်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ရန်ကုန်တွင် ကျင်းပခဲ့ပါသည်။ ပေကျင်း လင်းကွမ်စီစွယ်တော်တိုက်ဘုရားကျောင်းသည် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့နှင့် ချစ်ကြည်ရေးနားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးသော ဒုတိယပြည်ပဘုရားကျောင်းဖြစ်ပါသည်။